the voice of spring

17.7.2021 · Saturday · No . 77 · Daily News Pamphlet

## ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း ကိုဗစ်ကူးစက်ခံရပြီး သတိလစ်သွားသဖြင့် မင်္ဂလာဒုံရှိစစ်ဆေးရုံသို့ တင်ထားရ

သတင်းတို

ရင်းမြစ် – RFA မှ

## စစ်အုပ်စု၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် (၅)နှစ်အရွယ်သမီးငယ် ဦးခေါင်းထိမှန်၍ ဒဏ်ရာပြင်းထန်

သတင်းတို

ရင်းမြစ် – မြန်မာနောင်း မှ

## ကလေးမြို့တောင်ပိုင်းရှိ တင်သား၊ ကျောက်ဖူး၊ ဒိုးနွယ်နှင့် အရှေ့စည်းရွာတို့ကို ဂျူလိုင်(၁၅)ရက်တွင် အကြမ်းဖက်စစ်အုပ်စုမှ ဝင်ရောက်စီးနင်းရန် ကြိုးစားသဖြင့် ကလေးပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ထိပ်တိုက်တွေ့၍ တိုက်ပွဲဖြစ်ပွားခဲ့ရာ ဒေသခံ (၃၀၀၀)ကျော်ခန့် နေရပ်စွန့်ခွာထွက်ပြေးခဲ့ရပြီး စစ်အုပ်စုဘက်မှ (၁၇)ဦး သေဆုံးခဲ့ ဟုသိရ

သတင်းတို

ရင်းမြစ် – RFA မှ

## ဖမ်းဆီးဖိနှိပ်မှုများအကြားက သပိတ်စစ်ကြောင်းများကို တနိုင်ငံလုံးအနှံ့ အရှိန်မပြတ်ပြုလုပ်ခဲ့ကြ



ဂျူလိုင်လ(၁၆)ရက်၊ အင်ပြည့်အားပြည့် ချီတက်ပြုလုပ်ခဲ့ကြသည့် ရန်ကုန်မြို့ရှိ အာဇာနည်နေ့အကြိုသပိတ်စစ်ကြောင်းကိုတွေ့မြင်ရစဉ် -(ဓါတ်ပုံ – CJ )

## မြန်မာပြည်သူများ ယုံကြည်နိုင်သည့် ကိုဗစ်ကာကွယ်ဆေးထိုးခြင်း အစီအစဉ် အပါအဝင် ကိုဗစ်တုန့်ပြန်မှု အစီအစဉ်သစ်တခုကို ဆောင်ရွက်ရန်နှင့် လူသားချင်းစာနာမှုအရေးပေါ်အကူအညီများပေးရန် အရေးပေါ်ညွှန့်ပေါင်းမဟာမိတ်အဖွဲ့ ဖွဲ့စည်းဖို့ နိုင်ငံတကာအသိုင်းအဝိုင်းကို ကုလမြန်မာလူ့အခွင့်အရေးကိုယ်စားလှယ် တိုက်တွန်းပြောကြားခဲ့

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## မန္တလေး၊ ပြည်ကြီးတံခွန်ရှိ လျှပ်စစ်ရုံး၌ ဗုံးပေါက်ကွဲခဲ့ပြီး ဝန်ထမ်းနှင့်မီတာဆောင်သူ(၁၀)ဦးခန့်ဒဏ်ရာရရှိခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် – RFA မှ

## ရန်ကုန်ရှိ သုသာန်များ၌ အောက်ဆီဂျင်ပြတ်လပ်သဖြင့် သေဆုံးရသည့် ရုပ်အလောင်းများ တနေ့ကုန် စုပုံလျက်ရှိ

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## အကြည်ညိုပျက်စေမှုဖြင့် စွဲချက်တင်ခြင်းအပေါ် ပြောသင့်ပြောထိုက်သည်ကို ပြောခြင်းဖြစ်သဖြင့် မိမိတွင် အပြစ်မရှိဟု ဦးဝင်းထိန်က တုန့်ပြန်ငြင်းဆို

သတင်းတို

ရင်းမြစ် – နွေဦးအသံ မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံးဝ)မရပ်တန့်စေရ။

ဖေဖော်ဝါရီ(၁)ရက်မှ ဂျူလိုင်(၁၆)ရက်အထိ

ကျဆုံးသူဦးရေ - ၉၁၂ ဦး

အဖမ်းဆီးခံရသူဦးရေ- ၆၇၇၀ ဦး

ဝရမ်းထုတ်ခံရသူဦးရေ- ၁၉၆၃ ဦး

ရင်းမြစ် – အေအေပီပီမှ

the voice of spring
17.7.2021 · Saturday · No . 77 · Daily News Pamphlet

## အရေးတော်ပုံ မုချ အောင်ရမည်

# သတင်းမှတ်စု

ဂျူလိုင်(၁၆)ရက်၊ ၂၀၂၁

- အကြမ်းဖက် စစ်အုပ်စုက မတရားဖမ်းဆီးထားသည့် ရန်ကုန်တိုင်း ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီးဖြစ်သူ ဒေါ်ခင်မိကြွယ်တို့ နှစ်ဦးလုံး ကိုဗစ်ကူးစက်ခံထားရပြီး ဂျူလိုင် (၁၆)ရက်၊ မနက်ပိုင်းက ဦးဖြိုးမင်းသိန်း သတိမေ့သွားသဖြင့် မင်္ဂလာဒုံရှိစစ်ဆေးရုံသို့ အရေးပေါ်ပို့ဆောင်ခဲ့ရပြီး အောက်ဆီဂျင်ပေးထားရကြောင်းနှင့် ဇနီးဖြစ်သူလည်း









သူနှင့်အတူ ဆေးရုံမှာ ရှိနေကြောင်း သိရ။
- နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်အတိုင်ပင်ခံဒေါ်အောင်ဆန်းစုကြည်၊ ဒေါက်တာမျိုးအောင်၊ ဦးရဲမင်းဦးနဲ့ ဦးမင်းသူ တို့ကို သက်ဆိုင်ရာ စစ်ကျွန်တရားရုံးများက ဗီဒီယိုအွန်လိုင်းစနစ်နှင့်ခေါ်ယူတွေ့ဆုံပြီး ရုံးချိန်းများကို မူလချိန်းဆိုထားသည့် ရက်များမှ နောက်ဆုတ်လိုက်ကြောင်းသိရ။
- မြန်မာနိုင်ငံရှိ လုပ်ကိုင်ခွင့် ရရှိထားသည့် ဘဏ်အားလုံးကို ဂျူလိုင်လ (၁၇)ရက်နေ့မှ ဂျူလိုင် (၂၅) ရက်နေ့အထိ (၉)ရက်ခန့် ပိတ်သွားမည်ဟု စစ်ကျွန် ဗဟိုဘဏ်က ထုတ်ပြန်ကြေညာခဲ့ဟုသိရ။
- စစ်အုပ်စုက ကိုဗစ်ကို လက်နက်အဖြစ် သုံးပြီး တရားဝင်မှု ရရှိရေး လုပ်ဆောင်နေပြီး နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသည့် ကိုဗစ်ကူးစက်ရောဂါ အကျပ်အတည်းကို ချက်ချင်း တုံ့ပြန်ဆောင်ရွက်လိုအပ်နေပြီး အသက်ကယ်ဆယ်ရေး အရေးပေါ် အကူအညီများကို ဒီမိုကရေစီ လှုပ်ရှားသူများ၏ ကွန်ရက်မှတဆင့် နယ်စပ်ဖြတ်ကျော်ပြီး ကူညီရန် လိုအပ်နေကြောင်း မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးကောင်စီ (SAC-M)က သတင်းထုတ်ပြန် တိုက်တွန်းခဲ့ဟုသိရ။
- မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ လျှပ်စစ်ရုံး၌ မနက်ပိုင်းက ပုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး မြို့နယ်လျှပ်စစ်ရုံးမှ ဝန်ထမ်း(၇)ဦး အပါအဝင် မီတာလာဆောင်သူ အချို့နှင့် စုစုပေါင်း (၉)ဦးခန့် ပြင်းထန်ဒဏ်ရာ ရရှိခဲ့။
- စစ်အုပ်စုတပ်ဖွဲ့များက စစ်ကိုင်းတိုင်း ကနီမြို့နယ်ရှိ ကျေးရွာသား (၁၆)ဦးကို ဂျူလိုင် (၉)ရက်နေ့ ညနေပိုင်းနှင့် ဂျူလိုင် (၁၀) ရက်နေ့က တောတွင်းတနေရာ၌ လူမဆန်စွာ အနီးကပ် ပစ်သတ်ခဲ့ဟုသိရ။
- စစ်အုပ်စုက မတရား ဖမ်းဆီးထားသည့် Frontier Myanmar သတင်းဌာနမှ သတင်းခန်း အုပ်ချုပ်မှုအယ်ဒီတာ အမေရိကန်နိုင်ငံသား Daniel Fenster မှာ အင်းစိန်ထောင်ထဲ၌ ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း သူ့ရှေ့နေကို ပြောကြားခဲ့ဟုသိရ။
- စစ်အုပ်စုက CRPH နှင့် NUG ကို မထောက်ခံကြောင်း NLD အမတ်ကို ဖိအားပေး လက်မှတ်ထိုးခိုင်းရာတွင် မထိုးဘဲ တိမ်းရှောင်နေသည့် မကွေးတိုင်းဒေသကြီး လွှတ်တော်အမတ် ဦးရန်မျိုးအောင်၏ ဖခင်ဖြစ်သူကို စစ်အုပ်စုတပ်ဖွဲ့ဝင်များက အကြောင်းမဲ့ ပစ်သတ်ခဲ့ဟုသိရ။
- စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ်၊ အင်ပင်လှကျေးရွာမှ အသက်(၁၉)နှစ် အရွယ် မောင်ဖွဲ့ကိုကိုအား အကြမ်းဖက်စစ်အုပ်စုတပ်များက အကြောင်းမဲ့ ပစ်သတ်ခဲ့ပြီး ကျေးရွာအတွင်း အကြမ်းဖက်ခဲ့ရာ နေရပ်စွန့်ခွာ၍ ထွက်ပြေးသူများအနက်မှ သက်ကြီးရွယ်အို(၃) ဦးထက် မနည်းလည်း သေဆုံးခဲ့ဟုသိရ။
- အင်အား(၅၀)ခန့်ရှိ အကြမ်းဖက်စစ်အုပ်စုတပ်ဖွဲ့ဝင်များက ထားလဲကျေးရွာမှ နန်းဖဲကျေးရွာဘက်သို့ ထိုးစစ် ဆင်လာသဖြင့် ကရင်နီပူးပေါင်းအဖွဲ့မှ မိုင်းဆွဲ တိုက်ခိုက်ခဲ့ရာ စစ်အုပ်စုဘက်မှ ထိခိုက်မှုများပြားဟု KNDF သတင်းနှင့် ပြန်ကြားရေးတပ်ဖွဲ့မှ ထုတ်ပြန်ခဲ့ဟု သိရ။
- ရန်ကုန်၊ အာဇာနည်နေ့အကြို သပိတ်စစ်ကြောင်း၊ တာမွေ။ မန္တလေး၊ ချမ်းမြသာစည်၊ တပ်ပေါင်းစု သပိတ်၊ အောင်မြေသာစံပညာရေး ကျောင်းပေါင်းစုံ၊ မန္တလေးလူငယ်၊ မန္တလာတက္ကသိုလ်၊ သံဃသမဂ္ဂ။ မြင်းခြံ။ ဘုတလင်။ မုံရွာ။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်၊ လက်ပံတောင်းတောင် ကျေးရွာ များ။ ဒီပဲယင်းမြို့။ ကလေးမြို့။ မြိုင်။ ရေဖြူ၊ ကံပေါက်။ ပြည်။ ပုသိမ်မြို့။ သရက်ချောင်း။ ထားဝယ်။ လောင်းလုံမြို့နယ်၊ မောင်းမကန်၊ ဝေဒီ၊ ညင်းမော်၊ စစ်ပြဲ၊ တီဇစ် ကျေးရွာများ။ ကချင်၊ ဖားကန့် မြို့၊ လုံးခင်းအုပ်စု၊ တာမခန်နမ္မတီးမြို့ စသဖြင့် မြို့အသီးသီး၌ လူအင်အား ရာချီသော သပိတ်စစ်ကြောင်းကြီးများနှင့် ချီတက် ဆန္ဒဖော် ထုတ်ခဲ့ကြဟု သိရ။

ရင်းမြစ်-မဇ္ဈိမ၊ ခေတ်သစ်၊ မြန်မာနောင်း

## အလံဖြူ

မမှာမကြားနဲ့
နာဖျားခြင်းက
ငါတို့အားလုံးဆီရောက်လာတယ်။

စစ်မိစ္ဆာအုပ်ချုပ်လို့
ငွေထုတ်လည်း တန်းစီ
အောက်ဆီဂျင်လည်း တန်းစီ
သုသာန်ဆီလည်း
တန်းစီရပြန်တယ်။

စစ်မိစ္ဆာအညှိုးနဲ့
ကိုဗစ်ဟာ ပိုပိုတိုးလာခဲ့။

ကိုယ်ထူကိုယ်ထနဲ့
ဝေမျှကူရင်း
အသက်ချင်းဆက်နေ
ရက်ရှည်ပြန်တော့
အချို့
အလံဖြူ လွှင့်ပြနေပြီ။

ငါတို့ချင်းကူဖို့
အလံဖြူထောင်တာ
ဒီကောင်တွေအတွက်
ဘယ်တော့မှ လက်နက်မချဘူး။

**ညီမင်းသွေး**

### The Voice Of Spring Cartoon

